





# တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) ဖွံ့ဖြိုးရေး

တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) ဆိုသည်မှာ၊ တစ်နှစ်အတွက် ကိုယ်ပိုင် ရည်ရွယ်ချက်ပန်းတိုင်များဖြင့် ကလေးက ရရှိလိမ့်မည် ဖြစ်သော ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများနှင့် အတူ၊ သူ/မ၏ စွမ်းပကားကို ဖော်ပြသော မှတ်တမ်းမှတ်ရာ တစ်ခု ဖြစ်ပါသည်။ မိဘများနှင့် မိသားစုဝင်များသည် IEP နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ တိုးတက်မှုအပိုင်းမှာ အရေးပါသော အခန်းကဏ္ဍ တစ်ခုကနေ ပါဝင်ပါသည်။

အထူးပညာရေး လုပ်ငန်းစဉ်မှ တဆင့် ပြီးမြောက်ထားသော စိစစ်အကဲဖြတ်များမှ အချက်အလက်တွေကို၊ ကျောင်းသား/သူ တစ်ဦး၏ စွမ်းပကားနှင့် စိန်ခေါ်မှုများမှာ ဖော်ပြလေ့ရှိပါသည်။ IEP သည် သင့်တော်သော လေ့လာသင်ယူမှု အခွင့်အလမ်းများ၊ နေရာထိုင်ခင်းများ၊ နေသားတကျဖြစ်အောင် ပြုပြင်ပေးခြင်း၊ အထူးတီထွင်ထားသော ဝန်ဆောင်မှုများနှင့် အထောက်အကူများ သေချာရှိနေအောင် လုပ်ပေးပါသည်။ ဤအရာ အားလုံးတို့သည် ကျောင်းသား/သူ တစ်ဦး၏ မသန်မစွမ်းဖြစ်နေမှုနှင့် သက်ဆိုင်ပြီး၊ သူ/မ အတွက် ထူးခြားစွာ လိုအပ်နေသည့်အရာများနှင့် ကိုက်ညီစေရန် ပုံစံပြုထားပါသည်။

## လက်ရှိ စွမ်းဆောင်ရည် အဆင့်များ (PLP)

IEP တွင် ကျောင်းသား/သူက လုပ်ငန်းဖန်ရှင်လုပ်ဆောင်ရမည့် အပိုင်းနေရာကို မိဘနှင့် တတ်သိကျွမ်းကျင်သူများ နားလည်နိုင်သော ဘာသာစကားဖြင့် ဖော်ပြထားသောကြောင့်၊ တစ်နှစ်ပြီးနောက်မှာ မိဘနှင့် ပညာသင်ကြားပေးသူများက ဘယ်လောက် အတိုင်းအတာအထိ တိုးတက်မှု ရှိခဲ့ပြီးလဲ ဆိုသည်ကို ဆုံးဖြတ်နိုင်ပါသည်။

- လူမှုရေးရာ-စိတ်ခံစားမှုနှင့် ဆိုင်သော: အပြုအမူ၊ မိမိကိုယ်ကိုမိမိ တန်ဖိုးထားခြင်း၊ ဆက်ဆံရေးများနှင့် ကြောက်ရွံ့ခြင်း။
- ကိုယ်ကာယနှင့် ဆိုင်သော: ကျန်းမာရေး၊ ဓာတ်မတည့်ခြင်းများ၊ ကိုယ်ကာယ စွမ်းရည်များ၊ ရွေ့လျားနိုင်မှုနှင့် ဆေးဝါးများ
- ပညာရေး သင်ကြားမှု: အကြား၊ အပြော၊ အဖတ်၊ အရေး၊ ပြီးနောက် သင်္ချာ ပန်းချီ၊ တေးဂီတ၊ နည်းပညာ၊ သိပ္ပံ၊ အိမ်တွင်းစီးပွားရေးနှင့် သက်မွေးမှုလုပ်ငန်းတို့ကို လေ့လာသင်ယူခြင်း။
- စီမံခန့်ခွဲမှု လိုအပ်ချက်များ: သယ်ယူပို့ဆောင်ရေး၊ ခေတ္တရပ်နားခြင်းများ၊ လူနေဝန်းကျင်၊ နည်းပညာ၊ ပြုပြင်မွမ်းမံခြင်းများနှင့် နေရာထိုင်ခင်းများ။

တိုင်းတာနိုင်သော နှစ်အလိုက် ပန်းတိုင်များ
IEP သည် ပညာရေး သင်ကြားမှုနှင့် လုပ်ငန်းဖန်ရှင်ဆိုင်ရာ ပန်းတိုင်များ ဤအရာများကို PLP ထုတ်ပြန်ချက်များကနေ ဖန်တီးထားပါသည်။ ကျောင်းသား/သူတိုင်း အတွက် ခြားနားနေပါမည်။

အကူးအပြောင်းကာလ ပြုဖွယ်ဆောင်တာများ
IEP မှ ဤအပိုင်းသည် အထက်တန်းကျောင်းပြီးနောက် ကျောင်းသား/သူ၏ ဘဝအတွက် ခရီးလမ်းကြောင်းကို အနှစ်ချုပ် ဖော်ပြထားပါသည်။ ၎င်း၌ ဘဝခရီးနယ်ပယ်အားလုံး - သက်ရှိရှင်သန်ခြင်း၊ လေ့လာသင်ယူခြင်း၊ အလုပ်နှင့် အားကစားတို့အတွက် သူ/မ သေချာစွာ အသင့်ပြင်ထားနိုင်ရန် ပြုလုပ်ပေးသော အထောက်အကူများနှင့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

သင့်တင့်နေရာချပေးခြင်း
PLP ၏ ထုတ်ပြန်ချက်များနှင့် ဝန်ဆောင်မှုများမှ လိုအပ်ချက်များက၊ ပရိုဂရမ် ရှိမည့် နေရာကို ဆုံးဖြတ်ပေးပါမည်။ အထွေထွေ ပညာရေး သတ်မှတ်ချက်များအတွက် ဘယ်နေရာကနေမဆို တစ်ခုခုကနေ စပြီး၊ နောက်ထပ် အထောက်အကူနှင့် အတူ၊ သင်ကြားသူ အနည်းငယ်သာ ပါသော အတန်းများ အထိ၊ သင့်တင့်နေရာချပေးမှု ဆိုင်ရာ အမျိုးအစား အမျိုးမျိုး ရှိပါသည်။

## သင် သိခဲ့ပါသလား။

IEPs များမှ ပန်းတိုင်များကို၊ တစ်နှစ်အတွင်းမှာ စွမ်းဆောင်ရယူနိုင်ပြီး၊ တိုင်းတာလို့ရအောင် ရေးသားဖော်ပြထားပါသည်။

အရွယ်ရောက်သူ တစ်ဦး အနေနှင့် ဘဝတည်ဆောက်မှု၊ အလုပ်လုပ်မှုနှင့် လေ့လာသင်ယူမှုတို့ အတွက် ရေရှည် ပန်းတိုင်များကို၊ အသက် 15 နှစ် အထဲမှာ စတင် ဖြစ်ပေါ်လာပါသည်။

အပြုအမူ ဝင်ရောက်စွတ်ဖက်မှု စီမံချက်များကို၊ လက်တွေ့ အသုံးကျသော အပြုအမူ အကဲဖြတ်ချက်များကနေ၊ စိန်ခေါ်နေသော အပြုအမူများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

အထူးပညာရေး ကော်မတီ အနေနှင့်၊ ပန်းတိုင်များကို ရောက်ရှိဆဲဆဲ တိုးတက်မှုလည်း ပေါ်လွင်နေဆဲ ဖြစ်ပါက၊ တစ်နှစ် တစ်ကြိမ် (နှစ်အလိုက် ပြန်လည်သုံးသပ်ခြင်း) ကို ပြန်လည်သုံးသပ်ရမည်။ ကလေးကို အနည်းဆုံး သုံးနှစ်အကြာမှာ စနစ်တကျ ထပ်မံစိစစ်အကဲဖြတ်ရမည်၊ သို့သော်လည်း ပရိုဂရမ်ကနေ အချိန်မရွေး ပြန်လည်သုံးသပ်နိုင်ပါသည်။

ညွှန်ကြားချက်များနှင့် အချက်အလက်များကို စီစဉ်ပေးသူမှာ:
-www.p12.nysed.gov (ပညာရေး အပိုင်း 200 နှင့် 201 တို့၏ ကော်မရှင်အဖွဲ့ဝင် ဆိုင်ရာ စည်းမျဉ်းများ)
နောက်ထပ် အချက်အလက်များအတွက် parentnetworkwny.org ကို ဝင်လည်ပါ

(716) 332-4170
info@parentnetworkwny.org
www.parentnetworkwny.org

PARENT NETWORK OF WESTERN NEW YORK

@ParentNetwork
@PNWNY